# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၀) ၊ အမှတ်(၂၄၇)၊ ၁၃၇၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ၊ ၁၂-၈-၂၀၁၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညိုစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်နှင့် အတွင်းရေးမှူး ဦးအိုက်ပန်းတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ကျောက်ဆည်မြို့နယ် ပေါင်လောင်ကျေးရွာ၌ စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျောက်ဆည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပေါင်လောင်ကျေးရွာ၌ ၂၀၁၆- ၂၀၁၇ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ ၂၄၈ ဧက စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဝါတစ်ဧက စိုက်ပျိုးမည်ဆိုပါက မြေပြုပြင်ခြင်းကုန်ကျစရိတ် ငွေကျပ် ၁၉၅၀၀၀၊ အပင်ပြုစုခြင်း ငွေကျပ် ၂၀၁၆၀၀၊ သွင်းအားစုကုန်ကျစရိတ်ငွေကျပ် ၄၅၀၅၀၀၊ စုစုပေါင်းငွေကျပ် ၈၄၇၁၀၀ ခန့် ကုန်ကျစရိတ်ရှိကြောင်း ဝါစိုက်တောင်သူ ဦးဖိုးအေးက ပြောပြ၍ သိရသည်။ ကျောက်ဆည်မြို့နယ်အနေဖြင့် ဝါသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါများကို အဓိကစိုက်ပျိုးကြကြောင်း၊ ဝါသီးနှံများအောင်မြင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးပြုစုခြင်း နည်းပညာများ စနစ်တကျကူညီပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ တိုက်နယ်(၁၂)ရှိပြီး ပေါင်လောင်ကျေးရွာသည် တိုက်နယ် ၁၂ တွင်ပါရှိသည့် ကျေးရွာအုပ်စုဖြစ်ကာ ပြည်သူများအနေဖြင့် သင်းဒီးမြောင်းရေကို အဓိကအားထားပြီး သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ပေါင်လောင်ကျေးရွာ၌ မိုးကြိုဝါ သီးနှံအပြင် မိုးနှောင်းဝါဧက ၄၂၀၊ မိုးပဲတီဧက ၇၀၊ ပဲစင်းငုံ ၃၅ ဧက၊ အခြားပဲ ၁၁၂ ဧက၊ ငရုတ် ၁၁ ဧက၊ နှမ်းဧက ၂၆၀၊ နေကြာဧက ၁၄၀၊ မြေပဲ ၁၄ ဧက၊ နှမ်း ၆၆ ဧက၊ ဟင်းသီးဟင်းရွက်ဧက ၂၀၊ ကွဲနွားစာ ၁၅၆ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

(၄၈၅)

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဩဂုတ် ၁၂ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက် ၄၀၀ ဗို့ ကာဗာလျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိ

ဖလမ်း ဩဂုတ် ၁၁

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက်တွင် ၄၀၀ ဗို့ ကာဗာလျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိကြောင်း သိရသည်။

ယခင်က ဖလမ်းမြို့နှင့် အနီးအနားရှိကျေးရွာများကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး ဖလမ်းမြို့နယ်အတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားပေးလိုင်း

စာမျက်နှာ ၃ သို့ ○



၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးအတွက် လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ ဟူသည့် ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည် ဟူသည့်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန် အလွန်အရေးကြီးကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။ မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့်ကျန်းမာသည့် ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် က ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနား၌ တိုက်တွန်းမှာကြားသည်။

ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်းသိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန် လိုအပ်မည်ဖြစ်သည်။ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တို့ကို တစ်ချိန်တည်းဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှုအခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာများကို စောစီးစွာဖော်ထုတ်နိုင်ပြီး သင့်တော်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန်တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်သည်။ အခြေခံပညာကျောင်းများကို ကျန်းမာရေးရှုထောင့်အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်နှင့် ဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များတွင် အာဟာရဓာတ်များ ပိုမိုပြည့်ဝစွာရရှိစေရန်နှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဦးစိုးသက်နောင် အား ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး ရောမမြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ် ဦးစိုးသက်နောင် အား ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကေသီကျော်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အခြေခံပညာ အထက်တန်းကျောင်းခွဲ(ရေကြည်)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ရေကြည်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (ရေကြည်)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုဖြိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ပိုင်ထွန်းက "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်စည်းကမ်း" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဝဇ၅)

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၉)ရပ် ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၁ ဦး တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၂၀ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။ ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်၊ ကိုယ်စားလှယ်အမှတ် (၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကျော် တင်သွင်းခဲ့သည့် "မန္တလေးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ် (၅) ဦးမှ ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုအား မှတ်တမ်းတင်ထားရှိရန်တင်ပြရာ အဆိုရှင်က သဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်ပတ်သက်၍ မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။




မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အချိန်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့)ကို ဩဂုတ် ၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ အချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရမှုအပေါ် အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီနှင့် ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပါအဝင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)က အထူးဂုဏ်ယူ ဝမ်းမြောက်လျက်ရှိမှု၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့ပြီး နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေများ၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံပြီး ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မိုင်းလားဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးစေလိုမှု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**ဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံနှင့်ဒေသအကျိုးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မိုင်းလားဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆရာ၊ ဆရာမများနှင့် အခြေခံအဆောက်အအုံများဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးပစ္စည်းများဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသ၌ လတ်တလောကာလအတွင်း လိုအပ်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး မိုင်းလားဒေသအတွင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌတို့သည် မိုင်းလားဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များကို မိုင်းလားဒေသရှိ ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး (Campaign) ပြုလုပ်

**တောင်တွင်းကြီး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပလတ်စတစ်လျှော့ချရေးအသိပညာပေး(Campaign)ပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေးကြီးတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် ပလတ်စတစ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများ၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းများ လျှော့ချရေးအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ငန်းအစီအစဉ်များ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းနည်းလမ်းများအား ဈေးဝယ်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြစေရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား စက္ကူ၊ အင်ဖက်၊ ငှက်ပျောဖက်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**



# အခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်သင်ကြား

**လားရှိုး ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျှော့နည်းစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်ပညာသင်တန်း(၂/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက်က အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများအား ချီးမြှင့်ပေးအပ်ခဲ့ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းအား ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အထိ ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများ၊ ခေတ်မီမီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် မီးအတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းသင်ခန်းစာများအား လေ့ကျင့်ပို့ချသင်ကြားသွားမည်ဖြစ်ရာ သင်တန်းသားစုစုပေါင်း ၁၀၂ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**



○ ဖလမ်းမြို့မှ

၂၆ မိုင်ရှိသည့်အနက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း ခုနစ်မိုင်ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ကြည့်ရှုစစ်ဆေး**

မဟာဓာတ်အားလိုင်းနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်း ပြင်ဆင်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖလမ်းခရိုင်ရုံးအဆောက်အအုံ ပြုပြင်တည်ဆောက်နေမှု၊ သစ်တောဦးစီးဌာန ခရိုင်ဝန်ထမ်းအိမ်ရာအမိုးများ ပြုပြင်လဲလှယ်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့အတူ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တီးတိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအစည်းအဝေးခန်းမ၌ တီးတိန်မြို့နယ် ထန်နွဲ့ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရန် နိုင်ငံတော်က ထောက်ပံ့သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာကျောင်းအကျိုးတော်ဆောင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြို့နယ်လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ လူငယ်သင်တန်းကျောင်းရုံးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်း(တွန်းဇံ) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ထားသည့်လူနာများ ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ရည်မှန်းကာ ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးကြပ်မတ်ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားသည့်လူနာများကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ လူနာများ ကျန်းမာရေးအခြေအနေတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ကရင်ပြည်နယ် ဘားအံမြို့နေ အသက် (၄၄)နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသားနှင့် ကျောက်ကပ်အလှူရှင် ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နယ် အဖျောက်ကျေးရွာမှ အသက်(၂၈)နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီနှင့် ၂၅ မိနစ် ကြာမြင့်ခဲ့သည်။

သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငါးပြေမကျေးရွာနေ ကျောက်ကပ်လူနာ အသက်(၂၉)နှစ်ရှိ လက်ထောက်မူလတန်းပြဆရာမနှင့် ကျောက်ကပ်အလှူရှင် ညီအစ်မတော်စပ်သူ အသက်(၂၄)နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ၃၉ မိနစ် ကြာမြင့်ခဲ့သည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးကုသမှုများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံများ၊ တပ်မတော်ဆေးရုံကြီးများ၊ ရန်ကုန်/မန္တလေးရှိ ပုဂ္ဂလိကဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ရန်ကုန်၊ မန္တလေး ပြည်သူ့ဆေးရုံကြီးတို့တွင် ပုံမှန်ဆောင်ရွက်နေသည့်အပြင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် စတင်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဆောင်ရွက်သည့် လူနာနှစ်ဦးအပါအဝင် ခုနစ်ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း အိမ်ရာစီမံကိန်းများနှင့် တက္ကသိုလ်များတွင် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၁

မန္တလေးတိုင်း ဒေသကြီးတွင် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အသစ်တည်ဆောက်လျက်ရှိသည့် အရာထမ်းကြီး၊ အရာထမ်းနှင့် အမှုထမ်းအိမ်ရာများ တည်ဆောက်ခြင်းစီမံကိန်း လုပ်ငန်းခွင်တွင် ဝန်ထမ်းအိမ်ရာ ၂၆ လုံး စုစုပေါင်း အခန်း ၃၈၆ ခန်းနှင့် ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ Recreation Center ၁၈၆ ပေx ပေ ၁၆၀ အဆောက်အအုံများ၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်နှင့်အတူ နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အဆောက်အအုံများ တည်ဆောက်ရာတွင် Myanmar National Building Code 2025 ကို ထုတ်ပြန်ထားပြီးဖြစ်၍ သတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားရန်နှင့် ငလျင်ဒဏ်ခံနိုင်စေရေး ထည့်သွင်းတည်ဆောက်သွားရန်၊ အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေးများ စံချိန်စံညွှန်းများအတိုင်း တည်ဆောက်သွားမှသာ ရေရှည်တည်တံ့ခိုင်မြဲမည် ဖြစ်ပါကြောင်း၊ အရည်အသွေးစစ်ဆေးရေး အဖွဲ့များကလည်း လုပ်ငန်းစဉ်အဆင့်လိုက် စစ်ဆေးဆောင်ရွက်ရမည့်အတိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆောက်အအုံများ အရည်အသွေးနှင့် လက်ရာလက်သား ကောင်းမွန်စေရေး သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးစေရေးတို့ကို တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ရမည် ဖြစ်ပြီး လမ်း၊ ရေနှင့် လျှပ်စစ်မီးစသည့် Infrastructure များ တစ်ပြိုင်နက် ပြီးစီးအောင် ဆောင်ရွက်သွားရန်တို့အား လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင် အတွင်း အသေးစိတ်လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတက္ကသိုလ် ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမနှင့် Recreation Center ၁၈၆ ပေx ပေ ၁၆၀ အဆောက်အအုံ အချောသပ်တည်ဆောက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုပြီး ရေသန့်၊ လျှပ်စစ်စသည့် လုပ်ငန်းများလည်း တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ သတင်းစဉ်

# ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သံချဆေးတိုက်ကျွေး

**ဂန့်ဂေါ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် ခန္ဓာကိုယ်အတွင်း သန်ကောင်၊ တုတ်ကောင်များကြောင့် ဖြစ်ပွားတတ်သောရောဂါများကို ကာကွယ်နိုင်ရန်အတွက် သန်ချဆေး(Al-bendazole) တိုက်ကျွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောရာတွင် မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီး ထွက်ပစ္စည်းများသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများနှင့် မူးယစ်ဆေးဝါး၏အန္တရာယ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားကာ ကျောင်းသား၊ ကျောင်းသူများအား သံချဆေး (Albendazole) တိုက်ကျွေးခဲ့သည်။ (ဝဲပုံ)



အဆိုပါသံချဆေးတိုက်ကျွေးခြင်းကို ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်း ကိုးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၃၆၆ ဦးအား တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**မြင်းမူ ဩဂုတ် ၁၁**

မြင်းမူမြို့တွင် ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီ တိုင်းထွာချက်အရ ၁၁၅၃ စင်တီမီတာသို့ ရောက်ရှိနေပြီး မြို့၏စိုးရိမ်ရေမှတ်သည် ၁၁၅၀ စင်တီမီတာအထက် ကျော်လွန်နေသည့်အတွက် ရေဝင်ရောက်နိုင်သည့်ရပ်ကွက်များမှ ပြည်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ကြိုတင်ရွှေ့ပြောင်းဆောင်ရွက်ထားနိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ယနေ့ နံနက်ပိုင်းက မြေနိမ့်ပိုင်းရှိ ရပ်ကွက်များနှင့် မြစ်ကမ်းနားရှိ ရပ်ကွက်များတွင် အသိပေးနှိုးဆော်ခဲ့သည်။

ထိုသို့နှိုးဆော်ခဲ့ရာ မြင်းမူမြို့ရေဝင်ရောက်နိုင်သည့်ရပ်ကွက်များရှိ ပြည်သူများအား ရေလွတ်ရာကုန်းမြင့်နေရာများသို့ ပြောင်းရွှေ့နေထိုင်စေရေး၊ မိဘပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ပစ္စည်းဥစ္စာများ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိစေလိုကြောင်း၊ ရေဘေးသင့်ပြည်သူများလုံခြုံစွာ နေထိုင်နိုင်သည့်နေရာများကို ပြင်ဆင်ထားရှိကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် အကူအညီများ လိုအပ်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အကူအညီ လာရောက်တောင်းခံနိုင်ကြောင်း အသိပေးကြေညာခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော်  ဩဂုတ်  ၁၁

မြန်မာနိုင်ငံ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး(TVET)စနစ်ကို ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေး၊ စက်မှုသင်တန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို ပိုမိုထိရောက်စွာ မွေးထုတ်ပေးနိုင်ရေးအတွက် အရေးကြီးသည့် မူဝါဒဆိုင်ရာများကို စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုသင်တန်းကျောင်းများသည် သင်တန်းသားများကို အောင်လက်မှတ်များ ပေးအပ်ရုံသာမက လုပ်ငန်းခွင်တွင် ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုရှိသူများအဖြစ် မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေးသည် ပညာရေးကဏ္ဍတစ်ခုသာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုကဏ္ဍတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်မှု၊ MSME ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမှုတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့် မဟာဗျူဟာကဏ္ဍတစ်ခုဖြစ်ကြောင်း။

စက်မှုသင်တန်းကျောင်းများသည် ယခင်ကဲ့သို့ ကျောင်းအခြေပြုစနစ်(School-Centered System)မှ စက်မှုလုပ်ငန်းအခြေပြု TVET စနစ်(Industry-Centered TVET System)သို့ တဖြည်းဖြည်း ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုချက်များသည် စက်မှုသင်တန်းကျောင်းများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလလတ်နှင့် ကာလရှည် လုပ်ငန်းစီမံချက်များချမှတ်ရာတွင် အခြေခံမူဝါဒများဖြစ်လာစေမည်ဖြစ်ကြောင်း၊ လက်တွေ့အတွေ့အကြုံ၊ အခက်အခဲ၊ အောင်မြင်မှုများနှင့် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုသင်တန်းကျောင်းကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာသူများက စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆက်လက်ဆောင်ရွက်သင့်သည့် အချက်များအတွက် နည်းလမ်းရှာဖွေလေ့လာဖော်ထုတ်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုစနစ်၊ သင်ကြားရေးအရင်းအမြစ်နှင့် နည်းပြဆရာများ၏ အရည်အသွေးမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် စက်မှုသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်နိုင်ရန် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို အဖွဲ့လိုက်ဆွေးနွေးကြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကြံပြုသုံးသပ်ဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်၊ တာဝန်ရှိသူများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် နည်းပြဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လေးမျက်နှာမြို့ ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော်  ဩဂုတ်  ၁၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာခြောက်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက်ကိုးခုနှင့် ကျေးရွာ ၁၈၈ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မဟာအောင်မြေမြို့နယ်၌ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) အခမ်းအနား ကျင်းပ

မန္တလေး  ဩဂုတ်  ၁၁

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ကာ ပြည်သူ့စကားဝိုင်း(Public Talk)အခမ်းအနားကို မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်ရှိ ရန်မိုးလုံပေါ် တော်မူဘုရားငါးဆူ၌ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်က ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပပြီး ရပ်ကွက်နေပြည်သူများအတွက် အကျိုးကျေးဇူးများကြောင်း စသည်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပဆောင်ရွက်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းသိန်းတို့က "ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

(၀၅၆)

၀-၀-၀-၀-၀

⁜ ထိုင်းဘုရင့်ဖလားမှ

အမျိုးသမီးပြိုင်ပွဲတွင်တစ်ခု၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် တစ်ခုရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးသန်းလွင်၊ နည်းပြ (အမျိုးသားအသင်း)- ဦးကျော်မင်းစိုး၊ ဦးထက်ဇော်၊ နည်းပြ (အမျိုးသမီးအသင်း)- ဦးအောင်ချိုမြင့်၊ ဒေါ်နမ့်ယဉ်ယဉ်မြင့်၊ ကစားသမားများအဖြစ် အမျိုးသား-ထူးအောင်ကျော်၊ ဟန်ဝင်းထွဋ်၊ ထွန်းဝဏ္ဏအောင်၊ အောင်ဇော်ဟိန်း၊ ရဲထက်၊ ချစ်လွန်းပို၊ အောင်မျိုးကျော်၊ ကျော်မင်းသူ၊ ဇော်မင်းခန့်၊ အောင်အောင်၊ ရန်ပိုင်စိုး၊ သက်ပိုင်စိုး၊ ဇင်လင်းထူး၊ အမျိုးသမီး-ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ငွေး၊ စန်းသီတာမိုး၊ ဖူးဖူး၊ ဆုမွန်ကျော်၊ နှင်းနှင်းဝေ၊ နန့်မေသူထွေး၊ ရွှန်းလဲ့ဇင်တို့ ပါဝင်ကြသည်။

ရှိုင်းထက်ဇော်

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်အတွင်းရှိ ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်နေသည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**မန္တလေး ဩဂုတ် ၁၁**

မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် မိုးရာသီသဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံဖြစ်ပွားမှုများ ဖြစ်ပေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသအချို့တွင်လည်း ဖြစ်ပေါ်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က အမရပူရမြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်ခဲ့မှုကြောင့် ကျေးရွာအုပ်စု (၈)အုပ်စုမှ ကျေးရွာပေါင်း (၁၄)ရွာ မြစ်ရေများဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ မြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုများအား ရေလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်ရေး ရှာဖွေကူညီ ရွှေ့ပြောင်းပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာရှိ မြရိပ်စိုဓမ္မာရုံတွင် ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရေဘေးသင့် ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပြီးနောက် ရေဘေးသင့်ပြည်သူတစ်ဦးက ကြုံတွေ့ခဲ့ရမှုနှင့် ကျေးဇူးတင်စကားကို ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးသင့် ပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကားများ ပြောကြားပြီးနောက် မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်ခဲ့မှု ပြန်လည်ကျဆင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ရန်-မန်း ကားလမ်း မြစ်ငယ်တံတားကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဒုဋ္ဌဝတီမြစ်ရေမြင့်တက်မှုကြောင့် အမရပူရမြို့နယ်အတွင်းရှိ တောင်ကိုင်းကျေးရွာအုပ်စု၊ ကင်းဘက်ကျေးရွာအုပ်စု၊ တလင်းကြီးကျေးရွာအုပ်စု၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဆေးအိုးဘိုကျေးရွာအုပ်စု၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ဖရဲကျွန်းကျေးရွာအုပ်စု၊ ရွှေကြက်ယက် ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း(၁၄)ရွာအတွင်း မြစ်ရေများ ဝင်ရောက်ခဲ့ပြီး အိမ်ခြေ(၅၆၂)၊ အိမ်ထောင်စု(၅၇၄)စု၊ လူဦးရေ(၁၉၈၇)ဦး ရေဘေးသင့်ခဲ့ကြောင်း၊ စိုက်ပျိုးမြေ ဧရိယာစုစုပေါင်း(၄၄)ဧက ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀













သတင်း-စာမျက်နှာ ၆










## ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ (ဖီးကြမ်း)ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

ကျောင်းသား၊ ကျောင်းသူများအား အာဟာရပြည့်ဝစေရေး ငှက်ပျောစိုက်ပျိုးရေးစီမံချက်ဖြင့် (ဖီးကြမ်း)ငှက်ပျောပင်စိုက်ပျိုးပွဲကို ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး မျိုးနိုင်က စိုက်ပျိုးမည့် ငှက်ပျောပင်များကို မဟာအောင်မြေခရိုင်ပညာရေးမှူး ဒေါ်ခင်လေးဖြူနှင့် အမှတ်(၁၆)အခြေခံ ပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းငွေတို့ထံ ပေးအပ်ခဲ့ပြီး ခေတ္တဥက္ကဋ္ဌ ရဲမှူးမျိုးနိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်တို့က (ဖီးကြမ်း)ငှက်ပျောပင်များအား ဦးဆောင်စိုက်ပျိုးခဲ့သည်။

အဆိုပါ ငှက်ပျောပင်စိုက်ပျိုးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မဟာအောင်မြေခရိုင်ပညာရေးမှူး၊ ချမ်းအေးသာစံမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ (ဖီးကြမ်း) ငှက်ပျောပင်စုစုပေါင်း ၅၅ ပင်အား တစ်ပြိုင်နက်စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀





## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူးကျင်းပသော အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)ဌာနမှူး ဦးပိုင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအသိပညာပေးဆိုင်ရာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ပတ်သက်သည်များကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် အလယ်အလတ်အခွန်ထမ်းဆိုင်ရာအခွန်ရုံး (၅)ရှိ ဝန်ထမ်းများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ခံညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် စနစ်တကျပြန်လည်ရှင်းလင်းအဖြေပေးခဲ့ကြသည်။**(အောက်ပုံ)**

ထို့နောက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး အခမ်းအနားအား အစီအစဉ်အတိုင်း အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



# မန္တလေးတိုင်းဒေသကြီးအဆင့် ၂၀၂၆ ခုနှစ် အာဟာရပွဲ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

ပြည်သူလူထုအတွင်း အာဟာရဆိုင်ရာအသိပညာများ တိုးပွားလာစေရန်၊ မှန်ကန်သည့် အာဟာရဆိုင်ရာအလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးလာစေရန်နှင့် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့၏ နာယက၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အသင်းအဖွဲ့များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အာဟာရပြည့်ဝမျှတမှုသည် မွေးကင်းစနှင့် ကလေးငယ်များ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးဆိုင်ရာစွမ်းရည်မြင့်မားမှု၊ အရွယ်ရောက်သူများ၏ အလုပ်လုပ်နိုင်စွမ်းအား ကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအကျဆုံးအုတ်မြစ်ဖြစ်ပါကြောင်း၊ မိခင်နို့တိုက်ကျွေးခြင်းမှ အစပြု၍ အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းလာစေရန် ပြည်သူလူထုပူးပေါင်းပါဝင်မှုအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာဟာရပညာပေး Video Clip နှင့် ပြခန်းများအား ကြည့်ရှုပြီးနောက် အသက် (၅)နှစ်အောက်ကလေးများကို ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀









## ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**အောင်လံ ဩဂုတ် ၁၁**

ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ သမဝါယမနှင့်ကျေးလက်



အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူခုံကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး အောင်လံမြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်းအကြောင်းအရာများ၊ ကဏ္ဍတစ်ခုချင်းအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စီမံကိန်းလက်စွဲ စာစောင်ပါ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရန်အချက်များနှင့် ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒအရ ကျေးရွာစီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။

အဆိုပါကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးမြောက်ပါက ကျေးရွာ၏ အခြေခံအဆောက်အအုံများနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ငယ်လေး

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

# ဂျပန်ပြည်တွင်းထုတ် မီချီဘီကီ ၇ ဂြိုဟ်တုအား အောင်မြင်စွာလွှတ်တင်



**တိုကျို ဩဂုတ် ၁၁**

ဂျပန်ပြည်တွင်းထုတ် ဂြိုဟ်တု မီချီဘီကီ ၇ အား အာကာသအတွင်းသို့ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုအား အိပ်ချ် ၃ဒုံးကျည်တွင် သယ်ဆောင်၍ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီမာစီရင်စု တန်ဂါရှီမာ အာကာသစခန်းမှ ဂျပန်စံတော်ချိန် နံနက် ၄ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တု လွှတ်တင်ပြီး ၂၉ မိနစ်အကြာတွင် အာကာသပတ်လမ်းအတွင်းသို့ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံသည် ယခင်ကလည်း မီချီဘီကီ ဂြိုဟ်တုများကို အာကာသအတွင်းသို့ လွှတ်တင်ခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် အာကာသအတွင်း မီချီဘီကီ ဂြိုဟ်တုငါးစင်းရှိကြောင်း သိရသည်။ အဆိုပါဂြိုဟ်တုများသည် စမတ်ဖုန်းများ၏ တည်နေရာဆိုင်ရာ အချက်အလက်များနှင့် ဆက်သွယ်ရခက်ခဲသည့်ဒေသများအတွက် မြေလျှင်ဆိုင်ရာ သတိပေးချက်များကို ပေးပို့ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ပြည်တွင်း ဘူမိတည်နေရာ ရှာဖွေရေးစနစ်များကို အားကောင်းစေရေးအတွက် မူလက မီချီဘီကီ ဂြိုဟ်တုခုနစ်စင်းအား အာကာသအတွင်းသို့ လွှတ်တင်ရန် ဆောင်ရွက်ခဲ့သော်လည်း ယမန်နှစ်က မီချီဘီကီ ၅ အား လွှတ်တင်ရာတွင် လွှတ်တင်မှုမအောင်မြင်ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ



## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တောင်စောင်းဓာတ်လှေကား နှစ်ခု ကျောင်းသွားချိန် မိနစ် ၃၀ မျှသာ ကြာမြင့်တော့သည်အထိ လျှော့ချ

**ပေကျင်း ဩဂုတ် ၁၁**

ဒေသတွင်း၌ "ကောင်းကင်ကျောင်းကြိုပို့ယာဉ်" ဟု လူသိများသည့် တောင်စောင်းဓာတ်လှေကားနှစ်ခုသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ သုံးနာရီခန့် ကြာမြင့်သော ပင်ပန်းခက်ခဲသည့် ကျောင်းသွားလမ်းကြောင်းကို မိနစ် ၃၀ မျှသာ ကြာမြင့်တော့သည်အထိ လျှော့ချပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ချောက်ကမ်းပါး အောက်ခြေတွင် နေထိုင်ကြသော ကလေးငယ်များအတွက် မူလကကျောင်းသို့သွားရောက်ရန် မီတာ ၅၀၀ ကျော်မြင့်မားသည့် ထက်ဒေါင်လိုက် တောင်စောင်းလမ်းများကို ခက်ခဲစွာ တက်ရောက်ခဲ့ရသော်လည်း ယခုအခါ ဓာတ်လှေကားနှင့် ကြိုးတံတားစနစ်တို့က သူတို့ကို တောင်စောင်းထိပ်သို့ တိုက်ရိုက်ပို့ဆောင်ပေးသည်။

မီတာ ၂၆၈ မီတာ မြင့်သည့် ချင်းယွန်းဓာတ်လှေကားကို ၂၀၂၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဖူယောင်ဟု ခေါ်ဆိုသည့် မီတာ ၂၈၈ မီတာ မြင့်သော ဒုတိယမြောက်ဓာတ်လှေကားကို ယခုနှစ်တွင် စတင်ပြေးဆွဲခဲ့သဖြင့် ခရီးစဉ်သွားလာမှုကို ပိုမိုလျင်မြန်ချောမွေ့စေခဲ့ပြီး ဒေသခံရွာသူရွာသားများနှင့် ကျောင်းသူကျောင်းသားများသည် ဓာတ်လှေကား နှစ်ခုစလုံးနှင့် ကြိုးတံတားစနစ်ကို အခမဲ့အသုံးပြုနိုင်ကြောင်း သိရသည်။

Mon

## ဒေါ်လ်ဖင်မုန်တိုင်း တရုတ်အလယ်ပိုင်း ဟူဘေးပြည်နယ်ဖက်သို့ ပိုမိုနက်ရှိုင်းစွာ ဝင်ရောက်လာ၊ ခရီးသွားနေရာများ ပိတ်သိမ်းခဲ့ရ

**ပေကျင်း ဩဂုတ် ၁၁**

ဒေါ်လ်ဖင်မုန်တိုင်းသည် ဩဂုတ် ၁၁ ရက်တွင် တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ပြည်တွင်းပိုင်းသို့ ပိုမိုနက်ရှိုင်းစွာ ဝင်ရောက်လာခဲ့သဖြင့် ခရီးသွားနေရာများကို ပိတ်သိမ်းခြင်းနှင့် ဆောက်လုပ်ရေး စီမံကိန်းများကို ရပ်ဆိုင်းခြင်းများ ပြုလုပ်ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် အားအကောင်းဆုံးမုန်တိုင်းဖြစ်သော ဒေါ်လ်ဖင်သည် သီတင်းပတ်ကုန်တွင် ကုန်းတွင်းပိုင်းသို့ မဝင်ရောက်မီ ကီလိုမီတာ ၆၀၀၀ နီးပါးခန့် ရွေ့လျားခဲ့ပြီး နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းဒေသများသို့ မိုးသည်းထန်စွာ ရွာသွန်းစေခဲ့ရုံသာမက ကြီးမားသည့် တိမ်တိုက်ကြီးများကိုပါ သယ်ဆောင်လာသည်။

မော်တော်ယာဉ်နှင့် အဆင့်မြင့်နည်းပညာ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရာ ဗဟိုချက်ဖြစ်ပြီး လူဦးရေ ၅၈ သန်းကျော်နေထိုင်သည့် ဟူဘေးပြည်နယ်၌ ယခင်လကလည်း ရှားပါးလေဆင်နှာမောင်းကြီးနှစ်ခု တိုက်ခတ်သဖြင့် အနည်းဆုံး လူ ၁၁ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

Mon

0-0-0-0-0



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ကိုလံဘီယာနိုင်ငံတွင် နှစ်များစွာအတွင်း အပြင်းထန်ဆုံး ငလျင်လှုပ် အနည်းဆုံး လူ ၁၃၂ ဦး သေဆုံး၊ အရေးပေါ်အခြေအနေ ကြေညာထား

**ဘိုဂိုတာ ဩဂုတ် ၁၁**

ကိုလံဘီယာနိုင်ငံတွင် နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံး ငလျင်တစ်ခုလှုပ်ပြီးနောက် အနည်းဆုံး လူ ၁၃၂ ဦး သေဆုံးခဲ့ပြီး အရေးပေါ်အခြေအနေကြေညာထားကြောင်း သိရသည်။

ပြိုကျသွားသော အဆောက်အအုံများအောက်တွင် ပိတ်မိနေသူများစွာ ရှိနိုင်သေးသဖြင့် သေဆုံးသူဦးရေမှာ ပိုမိုမြင့်တက်လာဖွယ်ရှိသည်။

အဆိုပါ ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်သည် ချိုကိုပြည်နယ်တွင် အနက် ၁၀၃ ကီလိုမီတာ (၆၄ မိုင်)ကို ဗဟိုပြု၍ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၄ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ထိုနိုင်ငံ၏ ပထဝီဝင်ဆိုင်ရာသုတေသနဌာနက ပြောကြားသည်။ ထိုငလျင်၏ တုန်ခါမှုကို ကိုလံဘီယာနိုင်ငံ အနောက်ဘက်ပိုင်း မိုင်ပေါင်းရာချီဝေးကွာသော ကျယ်ပြန့်သည့် ဧရိယာအထိ ခံစားခဲ့ရကြောင်း သိရသည်။

Mon

## မလေးရှားနိုင်ငံ၏ ဇွန်လစက်မှုကုန်ထုတ်လုပ်မှုအညွှန်းကိန်း မြင့်တက်လာသော်လည်း ခန့်မှန်းချက်များအောက် လျော့နည်း

**ကွာလာလမ်ပူ ဩဂုတ် ၁၁**

မလေးရှားနိုင်ငံ၏ ဇွန်လစက်မှုကုန်ထုတ်လုပ်မှုအညွှန်းကိန်းသည် ယမန်နှစ် အလားတူကာလထက် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ခန့်မှန်းချက်များအောက် လျော့နည်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စီးပွားရေးပညာရှင် ၁၁ ဦး၏ ခန့်မှန်းချက်များအရ အဆိုပါ ဇွန်လစက်ရုံထုတ်လုပ်မှု ၇ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု ခန့်မှန်းခဲ့ကြသည်။

မေလအတွက် ဖော်ပြချက်ကို မူလက ၈ ဒသမ ၄ ရာခိုင်နှုန်းဟု သတင်းထုတ်ပြန်ခဲ့သော်လည်း ယခုအခါ ၈ ဒသမ ၅ ရာခိုင်နှုန်းသို့ အနည်းငယ်တိုးမြှင့်ပြင်ဆင်ခဲ့ကြောင်း သိရသည်။

Mon

## ထိုင်းနိုင်ငံတစ်ဝန်း သေနတ်ထိန်းချုပ်မှု တင်းကျပ်ရန် ဝန်ကြီးချုပ် အမိန့်ထုတ်ပြန်၊ သေနတ်ဝယ်ယူခွင့်ပြုမိန့်များ ရပ်ဆိုင်း

**ဘန်ကောက် ဩဂုတ် ၁၁**

သေနတ်ဝယ်ယူခွင့်လိုင်စင်များကို ယာယီရပ်ဆိုင်းခြင်း၊ တရားမဝင်ကိုင်ဆောင်ထားသည့် သေနတ်များနှင့် မှောင်ခိုဈေးကွက်မှ သေနတ်များကို အရေးပေါ်နည်းလမ်းများဖြင့် သာမက ရေရှည်အစီအမံများချမှတ်၍ တင်းကျပ်စွာနှိမ်နင်းခြင်းအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေနတ်ထိန်းချုပ်မှုများကို ပိုမိုတင်းကျပ်ရန် ထိုင်းဝန်ကြီးချုပ် အနုထင် ချာဝီရကွန်က ဩဂုတ် ၁၁ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

လက်နက်ထိန်းချုပ်ရေးစနစ်တွင် ဖြစ်ပေါ်နေသည့် လစ်ဟာချက်များကို အကောင်းဆုံးဖြည့်ဆည်းပြီး လက်နက်မကိုင်ဆောင်သင့်သူများလက်ထဲ လက်နက်များမရောက်ရှိစေရန် အစိုးရဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ကြရန် အပတ်စဉ်ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် အနုထင်က တိုက်တွန်းခဲ့သည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ရာချာဒါ ဒါနာဒီရက်ခ်က ပြောကြားခဲ့သည်။

အစိုးရအဖွဲ့က အခြားခွင့်ပြုချက် တစ်စုံတစ်ရာမထုတ်ပြန်မချင်း အာဏာပိုင်များက လက်နက်ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးခြင်းများကို ရပ်ဆိုင်းသွားမည်ဖြစ်ပြီး အစိုးရဝန်ထမ်းများအတွက် လက်နက်ဝယ်ယူခွင့် အစီအစဉ်သစ်များကိုလည်း ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ရာချာဒါက ပြောသည်။ မှတ်ပုံတင်/လိုင်စင်ထုတ်ပေးရေး တာဝန်ရှိသူများသည် ဝယ်ယူမှုအတွက် အသုံးမပြုရသေးသော လက်ကျန်ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ ရက်ပေါင်း ၃၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာနထံ အစီရင်ခံရမည်ဖြစ်သည်။

ရှိနှင့်ပြီးသား ခွင့်ပြုမိန့်ဖြင့် သေနတ်ဝယ်ယူထားသူများသည် ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ချသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့ မလျှောက်ထားပါက သေနတ်ကို တရားမဝင် ကိုင်ဆောင်ထားသူအဖြစ် သတ်မှတ်ခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရာချာဒါက ပြောကြားထားသည်။

ဆင်ဟွာ

■

* စာမျက်နှာ ၂၄ မှ

ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေ ဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ တော်ရွက်ရပ်ကွက် မင်္ဂလာမူဆယ်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား ဖုန်းမျိုးစုံ ၈၅လုံး၊ All In One ကွန်ပျူတာ ၁၁လုံး၊ Star Link နှစ်လုံး၊ Power Station နှစ်လုံး၊ Laptop လေးလုံး၊ UPS တစ်ခု၊ ဆိုင်ကယ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




မူဆယ်မြို့ တော်ရွက်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။



မူဆယ်မြို့ တော်ရွက်ရပ်ကွက်၌ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် လုပ်ငန်းနေရာကို တွေ့ရစဉ်။

## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခြောက်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား နှစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦးနှင့် တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခြောက် ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့် တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ တွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၀၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ ကလေးငယ်တစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

သိမ်ဇရပ် ဩဂုတ် ၁၁

မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့နယ်၌ မော်တော်ဆိုင်ကယ်မှ မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ၍ ကလေးငယ်တစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ ရက် မွန်းလွဲ ၃ နာရီခွဲက မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့နယ်၊ နဝရတ်ရပ်ကွက်၊ သမိန်ဗရမ်းလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သမိန်ဗရမ်းလမ်းမအတိုင်း အရှေ့မှအနောက်သို့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ ဦးနောင်နောင်(၃၂) နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA PROBOX မော်တော်ယာဉ်အား အခင်းဖြစ်နေရာ အရောက်၌ လမ်းသွယ်အတွင်းမှ ဖြတ်ထွက်မောင်းနှင်လာသည့် မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့နယ်၊ ဝါးဒတ်ကွင်းကျေးရွာနေ ကိုဆန်းကဲမောင်(၂၉)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်သဇင်မိုး(၃၅)နှစ် ဆိုသူနှင့် သားဖြစ်သူ မောင်ချစ်လင်းကို (၂)နှစ် ဆိုသူတို့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် မောင်ချစ်လင်းကိုဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ကိုဆန်းကဲမောင်နှင့် ဒေါ်သဇင်မိုးဆိုသူတို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မော်တော်ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ဆန်းကဲမောင်ဆိုသူအား သိမ်ဇရပ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မော်တော်ယာဉ်က မော်တော်ဆိုင်ကယ်အား နောက်မှဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ပဲခူး ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ဘုရားကြီး-ဘောနက်ကြီးသွားကားလမ်းပေါ်၌ မော်တော်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ မော်တော်ဆိုင်ကယ်အား နောက်မှ ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက် ည ၉ နာရီက ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အမှတ်(၁) ရပ်ကွက်၊ ဘုရားကြီး-ဘောနက်ကြီးသွားကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပဲခူး)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဘုရားကြီးလမ်းဆုံမှ ဘောနက်ကြီးဘက်သို့ ဝဂ်ဘော်ကျေးရွာနေ ကိုလင်းနိုင်(၂၉)နှစ်ဆိုသူ မောင်းနှင်လာသော HONDA ODYSSEY မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လားရာတူရှေ့မှ မောင်းနှင်နေသော ဘုရားကြီးမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးဉာဏ်အေး (၃၅)နှစ်ဆိုသူ မောင်းနှင်ပြီး မသူဇာငွေ(၂၇) နှစ်နှင့် မရွှေပုံသွန်း(၅)နှစ်ဆိုသူတို့ လိုက်ပါလာသည့် HONDA DREAM 125 မော်တော်ဆိုင်ကယ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးဉာဏ်အေး၊ မသူဇာငွေနှင့် မရွှေပုံသွန်းဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် လင်းနိုင်ဆိုသူအား ဘုရားကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ



## ဆမ်ဒိုးရီးယားအသင်းက ပါးမားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် ဩဂုတ် ၁၁**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆမ်ဒိုးရီးယားအသင်းနှင့် ပါးမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆမ်ဒိုးရီးယားအသင်းက ပါးမားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆမ်ဒိုးရီးယားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅မိနစ်တွင် အိုလီဗာ၊ ပွဲချိန် ၁၂ မိနစ်တွင် လော်ရစ်ဆန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆမ်ဒိုးရီးယားအသင်းသည် ကိုပါအီတာလီယာဖလားပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၈ ရက်တွင် ခရိုမိုနီစီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## လော်ရန်ဟာမ်ကို စာချုပ်သက်တမ်းတိုးရန် မန်စီးတီးအမျိုးသမီးအသင်း စီစဉ်




**လန်ဒန် ဩဂုတ် ၁၁**

မန်စီးတီးအမျိုးသမီးအသင်းသည် အသင်းတောင်ပံကစားသမား လော်ရန်ဟာမ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ **(အပေါ်ပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၃ ပွဲကစားပြီး ၇၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

မန်စီးတီးအသင်းထုတ်ပြန်ချက်တွင် "လော်ရန်ဟာမ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။**(NGB)**

## ဆော်လမွန် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဩဂုတ် ၁၁**

တောင်ပံကစားသမားသစ် ဆော်လမွန် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၁၀ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် စပါးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဆော်လမွန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက စပါးအသင်းမှ ဖီအိုရင်တီးနားအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၉ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဆော်လမွန်အနေဖြင့် ဘောလုံးရာသီသစ်တွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## 2026 National Bank Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Arthur Fils တက်ရောက်



**တိုရွန်တို ဩဂုတ် ၁၁**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Arth-ur Fils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Cameron Norrie ကို ၆-၂၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 National Bank Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils နှင့် စပိန်တင်းနစ်ကစားသမား Rafael Jodar တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## လူကာမာရီယာနူချီ ဒူးဒဏ်ရာကြောင့် တစ်လခန့်အနားယူရဖွယ်ရှိ



**တူရင် ဩဂုတ် ၁၁**

နောက်ခံကစားသမား လူကာမာရီယာနူချီသည် ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် နာပိုလီအသင်းနှင့် ဆဲလ်တာဗီဂိုအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား လူကာမာရီယာနူချီသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နာပိုလီအသင်း ခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

နာပိုလီအသင်းထုတ်ပြန်ချက်တွင် "လူကာမာရီယာနူချီသည် ဒူးဒဏ်ရာကြောင့် တစ်လခန့်အနားယူရမှာပါ။ သူရဲ့ ဒဏ်ရာအမြန်ဆုံးသက်သာပျောက်ကင်းဖို့လည်း မျှော်လင့်ပါတယ်"ဟု ထုတ်ပြန်သည်။ **(ယာပုံ)(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် မာယော့ကာအသင်း ကွင်းလယ်ကစားသမား ဆာမူကော်စတာကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

* မန်ယူ၊ ချဲလ်ဆီး၊ ရိုးမား၊ အက်စတွန်ဗီလာ စသည့် အသင်းများက ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အန်းဒရစ်ကို အငှားဖြင့် ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* စပိန်ကလပ် ဂီတာဖေးအသင်းသည် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမား အိုရယ်မန်ဂါလာကို တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(NGB)**

## မာတီးယက်စ်ဖာနန်ဒက်ဇ်ပါဒိုကို ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း ကမ်းလှမ်း



**မက်ဒရစ် ဩဂုတ် ၁၁**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လိုင်လီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား မာတီးယက်စ်ဖာနန်ဒက်ဇ်ပါဒိုကို ယူရို ၃၅သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ ပွဲ ကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လိုင်လီအသင်းကလည်း မာတီးယက်စ်ဖာနန်ဒက်ဇ်ပါဒိုအတွက် အက်သလက်တီကို မက်ဒရစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုင်လီအသင်းထံမှ မာတီးယက်စ်ဖာနန်ဒက်ဇ်ပါဒိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## ဒီဇီနန်ပီစီနိုဗစ်ချ်ကို စတုဂတ်အသင်း ခေါ်ယူ

**မြူးနစ် ဩဂုတ် ၁၁**

စတုဂတ်အသင်းသည် ဝုဖ်ဘတ်အသင်း တိုက်စစ်မှူး ဒီဇီနန်ပီစီနိုဗစ်ချ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ယာပုံ)**

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စတုဂတ်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဒီဇီနန်ပီစီနိုဗစ်ချ် ဝုဖ်ဘတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၄ ပွဲကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စတုဂတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စတုဂတ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(NGB)**



## ရပ်ရှ်ဖို့ဒ်ကို ကျောနံပါတ် ၁၄ ဂျာစီ မန်ယူအသင်း ပေးအပ်

**လန်ဒန် ဩဂုတ် ၁၁**


မန်ယူအသင်းသည် ဘာစီလိုနာအသင်းနှင့် တစ်ရာသီ အငှားစာချုပ်သက်တမ်းကုန်ဆုံးပြီး အသင်းသို့ ပြန်လည်ရောက်ရှိလာသည့် တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်ကို ကျောနံပါတ် ၁၄ ဂျာစီအား ပေးအပ်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းသို့ အငှား မသွားခင်က မန်ယူအသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ကစားခဲ့သော်လည်း လာမည့် ဘောလုံး ရာသီတွင် ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့် ဘောလုံးရာသီ ဘာစီလိုနာအသင်းသို့ အငှားသွားရောက်ကစားကာ ပြိုင်ပွဲစုံ ၄၉ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ရပ်ရှ်ဖို့ဒ်က "ကျွန်တော် ပြန်ရောက်လာတဲ့အချိန် အပြင်လူတချို့က နံပါတ်အဟောင်းကို ပြန်မလိုချင်ဘူးလား မေးပါတယ်။ကျွန်တော့်အနေနဲ့ကတော့ ဘာနံပါတ် ဝတ်ဝတ် အသင်းအောင်မြင်ဖို့ပဲ အာရုံစိုက်ထားပါတယ်"ဟု ပြောသည်။

**(ယာပုံ)(NGB)**



# အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်း၌ (ဖီးကြမ်း)ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကလေးငယ်များ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးရေး စီမံချက်အဖြစ်(ဖီးကြမ်း) ငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက အဆိုပါကျောင်းဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ညွန့်ကျော်က စိုက်ပျိုးမည့် ငှက်ပျောပင်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ပြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ဖီးကြမ်းငှက်ပျောပင်အား ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်လေးဖြူနှင့် တာဝန်ရှိသူများ၊ ပြည်ကြီးတံခွန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက(ဖီးကြမ်း)ငှက်ပျော ပင် ၁၀၈ ပင်အား တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ဖီးကြမ်းငှက်ပျောပင် စုပေါင်းစိုက်ပျိုးနေမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇင်မင်းမောင် ခရိုင်(ပြန်/ဆက်)**

*-*-*-*-*-*





# အသက် ၁၄ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

မန္တလေး၊ အမရပူရမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဈေးချိုရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပခဲ့ရာ တိုင်းပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်းက ဘောလုံးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများနှင့် ဘင်ခရာတပ်ဖွဲ့တို့က အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုအလေးပြု၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

အဆိုပါမြို့နယ် ပညာရေးမှူးဖလားအခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အခြေခံကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၂သင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၂၀တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)လှဲ့လှဲ့နိုင်

# မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကျောက်ဆည်တက္ကသိုလ်တို့ပူးပေါင်း၊ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်း

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကျောက်ဆည်တက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကို ဩဂုတ် ၁၀ ရက်က အဆိုပါတက္ကသိုလ် ဇေကရာဇ်ခန်းမတွင် ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်၊ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာလှဲ့လှဲ့ဝေနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကျောက်ဆည်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌပါမောက္ခ၊ ဌာနမှူးဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးသူနာပြုတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူး ဦးအောင်သူဝင်းနှင့် ရှေးဦးပြုစုခြင်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာလှဲ့လှဲ့ဝေက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒုတိယတိုင်းတပ်ဖွဲ့မှူးက ကျောက်ဆည်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ပါမောက္ခ၊ ဌာနမှူးဒေါက်တာမြင့်မြင့်ဌေးထံ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းလက်မှတ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်၊ တိုင်းကြက်ခြေနီအတွင်းရေးမှူး၊ ကျောက်ဆည်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယတိုင်းတပ်ဖွဲ့မှူးတို့က ထူးချွန်ဆုများ ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးမှ ကျောက်ဆည်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌထံသို့ ဆေးအိတ်လက်ဆောင်ပေးအပ်ပြီး ကြက်ခြေနီရှေးဦးပြုစုခြင်းနည်းပြဆရာများအား အမှတ်တရလက်ဆောင်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။ (ဝဲပုံ)(၀၄၅)




# မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy)တို့ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ ရက်က ချမ်းအေးသာစံမြို့နယ်၊ ဆုကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဦးနေမျိုးက အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်၊ ကွမ်း၊ ဆေးဥပဒ်ပေး၊ မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။ ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့် စိတ်ကြွရူးသွပ်ဆေးအကြောင်း ဟောပြောပြီး အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။ မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၂၀ ခန့် တက်ရောက်ကြသည်။

(အောက်ပုံ)

(၀၇၀)



# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရန်ကုန်-မန္တလေးကားလမ်းဟောင်း ရေကျော်မှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ မိုင်တိုင်အမှတ်(၃၂၉/၂)နှင့်(၃၂၉/၃) ဖာလုံကြားတွင် ဩဂုတ် ၁၀ရက် နံနက် ၁၀ နာရီက မိုးရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီး၊ ရေကျော်မှုများ ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်ပြီး ကားလမ်းပေါ်သို့ အမြင့်ပေ ၆ လက်မခန့် ရေကျော်မှုဖြစ်ပွားခဲ့ရာ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များ ဘေးအန္တရာယ်မဖြစ်ပွားအောင် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)



အိမ်ရှေ့တွင် သစ်ပင်စိုက် မြောင်းအမှိုက် သန့်စေချင်
မြို့အသွင်အစဉ်ထူးလို့ လုပပျော်ရွှင်။

## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးမြို့ မဟာမုနိဘုရားကြီး သီတင်းသုံးတော်မူသည့် မဟာသုဝဏ္ဏပါသာဒဂန္ဓကုဋိတိုက်တော်ကြီးနှင့် ဆက်စပ်သာသနိကအဆောက်အအုံများ၊ စေတီငယ်များအားပြုပြင်လျက်ရှိရာ နေ့စဉ်လာရောက်အလှူငွေများ လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာတွင် ယနေ့မွန်းလွဲပိုင်းက မဟာမုနိဂေါပကအဖွဲ့ရုံးသို့လာရောက်၍ မန္တလေးမြို့ ဂရိတ်ဝေါစာအုပ်မိသားစုတို့က အဖ ဦးချွန်ရှိန်+အမိ ဒေါ်အေး၊ အစ်မကြီးဒေါ်ရင်စိန်၊ မောင်ဖြစ်သူ ကိုညွန့်ထွန်းလွင်နှင့် ကိုဇော်မင်းထွန်းတို့ကို ရည်စူး၍ ဘက်စုံအလှူတော်ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ မန္တလေးမြို့နေ ကွယ်လွန်သူ ဦးမော်ရင်ဟန်+ဒေါ်ဟွမ်တော်တီ၊ သားဦးမောင်မောင်+ဒေါ်ခိုင်ယဉ်မွန်၊ သမီးမလင်းလင်းထိုက်၊ မရင်ရင်၊ မြေးမောင်အောင်သူဟိန်း၊ မစိမ့်မြတ်နွယ်၊ မညာဏ်ရှင်းမေမိသားစုတို့က ဘက်စုံအလှူငွေကျပ်သိန်း၃၀၀ကို လည်းကောင်း လာရောက်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ပြန်လည်ပေးအပ်ကြသည်။ (ဓါတ်ပုံ)

မဟာမုနိဘုရားကြီးသည် ပြုပြင်တည်ဆောက်ဆဲဖြစ်ရာ ဘက်စုံပြုပြင်ရေးလုပ်ငန်းများအတွက် မည်သူမဆို မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး အလှူခံဌာနတွင် လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် မဟာမုနိဘုရားကြီး QR-code မှလည်း ပေးပို့လှူဒါန်းနိုင်သည်ကို အသိပေးနှိုးဆော်ထားကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀




## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၂/၂၀၂၆)ဖွင့်ပွဲကို ဩဂုတ် ၁၀ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အုပ်ချုပ်ရေးမဏ္ဍိုင်တွင် အုပ်စုအုပ်ချုပ်ရေးမှူးများသည် အခြေခံအကျဆုံးဖြစ်ကာ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသူများဖြစ်သည့်အပြင် ဝန်ဆောင်မှုအများဆုံးပေးနေရသူများဖြစ်ပါကြောင်း၊ ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် အုပ်ချုပ်ရေးမှူးများဖြစ်သည့်အတွက် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သင်တန်းတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပို့ချချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းကို ဆက်လက်ပို့ချသည်။



အဆိုပါသင်တန်းတွင် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ အခွန်ဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ လယ်ယာမြေစီမံခန့်ခွဲမှုစသည့်ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၈၄ ဦး၊ စာရေးဝန်ထမ်း ၈၃ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၁**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းဆုံးရှုံးမှု၊ အမြဲတမ်း မသန်စွမ်းမှု (ငွေလုံး)ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးလူမှုဖူလုံရေးတိုင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအား အလုပ်ရှင်၊ အလုပ်သမားများအား သိရှိသဘောပေါက်စေရန် ရှင်းလင်းပြောကြားခဲ့ပြီး ကံကောင်းခြင်းရတနာသစ်အချောထည်စက်ရုံမှ အာမခံအလုပ်သမား ဦးလှဝင်းအား အမြဲတမ်းမသန်စွမ်းမှု(ငွေလုံး)အကျိုးခံစားခွင့် ငွေကျပ် ၄၇,၆၂၈,၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**




## ကျွဲနွားကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် မြို့နယ်အတွင်း တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးနှင့် အသားစားသုံးမှုဖူလုံစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျေးလက်နေတောင်သူများ မွေးမြူထားရှိသည့် ကျွဲနွားများတွင် ကူးစက်ရောဂါကြောင့် သေဆုံးမှုမရှိစေရေးအတွက် ယမန်နေ့က ရဲဘော်ကြီးကျေးရွာအုပ်စု၊ မှိုင်းပန်ကျေးရွာ၌ မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ကျွဲနွားပေါင်ပုပ်၊ လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ထိုကဲ့သို့ ကျွဲနွားပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းခန့်နှင့် ဝန်ထမ်းများ၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား (CAHW)များမှ ရဲဘော်ကြီးကျေးရွာအုပ်စု၊ မှိုင်းပန်ကျေးရွာတွင် မွေးမြူထားရှိသည့် ကျွဲနွား ၈၉၀ ကောင်အား ကွင်းဆင်းထိုးနှံခဲ့ခြင်းဖြစ်ပြီး ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ကွက်ပြည့်ထိုးနှံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းခန့်ထံမှ သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

**အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့**
**အမှိုက် လျှော့ချကြပါစို့။**

## အ.ထ.က ခွဲ(အောင်သာ)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၁၁**

ပျော်ဘွယ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များအကြား အားကစားနှင့်ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်၊ အားကစား၏အရေးပါမှုကို သိရှိနားလည်စေရန်နှင့် ကျန်းမာသန်စွမ်းသည့် လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပခြင်းကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းခွဲ(အောင်သာ)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက လူငယ်များအတွက် အကျိုးရှိစေမည့် အကြောင်းအရာများကိုရွေးချယ်၍ လူငယ်စကားဝိုင်းများ ပုံမှန်ကျင်းပပေးခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ လူငယ်များ၏စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်၊ အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများရရှိစေရန်၊ လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိညာများ ဖလှယ်ရာမှ အတွေ့အကြုံအသစ်များရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

(ယာပုံ)

ဆက်လက်၍ G-11 ကျောင်းသားတစ်ဦးနှင့်ကျောင်းသူတစ်ဦး၊ G-10 ကျောင်းသူတစ်ဦး၊ G-9 ကျောင်းသားတစ်ဦးတို့က အားကစား၏အဓိပ္ပာယ်၊ အားကစားပြုလုပ်ရာတွင် အချိန်ကိုစနစ်တကျစီမံခန့်ခွဲရန်လိုအပ်ပုံ၊ စိတ်ဖိစီးမှုများ လျော့နည်းစေပြီး တက်ကြွပျော်ရွှင်သောလူငယ်ဘဝပိုင်ဆိုင်နိုင်ရေးအတွက် အားကစား၏အရေးပါပုံတို့ကို ဆွေးနွေးကြပြီး ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စွာထက်(ပျော်ဘွယ်)**



# အပျော်ကစားရာမှ ဘဝကို မကစားမိစေဖို့

ယနေ့ခေတ် လူငယ်များ၏ နေ့စဉ်ဘဝကို လေ့လာကြည့်လျှင် Smartphone (စမတ်ဖုန်း) နှင့် Internet(အင်တာနက်)သည် မရှိမဖြစ်လိုအပ်သည့် အရာများသဖွယ် ဖြစ်လာသည်။ ထိုနည်းပညာများနှင့်အတူ Mobile Game(မိုဘိုင်းဂိမ်း)၊ Online Game (အွန်လိုင်းဂိမ်း)နှင့် Computer Game(ကွန်ပျူတာဂိမ်း) များသည်လည်း လူငယ်များ၏ အပန်းဖြေမှု၊ သူငယ်ချင်းများနှင့် ဆက်သွယ်မှုနှင့် ဖျော်ဖြေရေးတို့တွင် အရေးပါသော နေရာတစ်ခု ယူလာသည်။ ကျောင်းဆင်းပြီး Game ကစားခြင်း၊ သူငယ်ချင်းများနှင့် အဖွဲ့ဖွဲ့၍ Online ပေါ်တွင် ပြိုင်ပွဲကစားခြင်း၊ Game ထဲမှ Level (အဆင့်) များတက်ရန် ကြိုးစားခြင်းတို့သည် ယနေ့လူငယ်အချို့၏ နေ့စဉ်ဘဝ အစိတ်အပိုင်းတစ်ခု ဖြစ်နေပြီဖြစ်သည်။

Game ကစားခြင်းက မကောင်းသောအရာတစ်ခုဟု တစ်ဖက်သတ် သတ်မှတ်၍မရပါ။ သင့်တင့်သော အချိန်အတိုင်းအတာဖြင့် ကစားပါက စိတ်အပန်းပြေစေခြင်း၊ ပျော်ရွှင်စေခြင်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းကို လေ့ကျင့်ပေးခြင်း၊ အမြန်ဆုံးဖြတ်ချက်ချတတ်စေခြင်းနှင့် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်စေခြင်း စသည့် အကျိုးကျေးဇူးအချို့ ရှိနိုင်သည်။ အချို့ Game များတွင် Strategy (မဟာဗျူဟာ) ချမှတ်ရခြင်း၊ Resource Management (အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း) ပြုလုပ်ရခြင်း၊ အခြေအနေအလိုက် ဆုံးဖြတ်ချက်ချရခြင်းတို့ ပါဝင်သောကြောင့် စဉ်းစားတွေးခေါ်မှုနှင့်ပြဿနာဖြေရှင်းနိုင်စွမ်းကို လေ့ကျင့်ပေးနိုင်သည်။ သူငယ်ချင်းများနှင့် အဖွဲ့ဖွဲ့ကစားသည့် Game များတွင် Teamwork (အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်း)နှင့် Communication (ဆက်သွယ်ပြောဆိုခြင်း) တို့ကိုလည်း အသုံးပြုရသည်။

ထို့ကြောင့် "Game က မကောင်းဘူး၊ လုံးဝမကစားနဲ့" ဟု တားမြစ်ရုံဖြင့် ပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ပါ။ အဓိကမေးခွန်းမှာ လူငယ်တစ်ယောက် Game ကစားသလား၊ မကစားဘူးလား ဆိုခြင်းမဟုတ်ဘဲ "Game ကို ဘယ်လောက်အတိုင်းအတာအထိ ကစားနေသလဲ၊ မိမိဘဝကို ထိခိုက်လာပြီလား" ဆိုခြင်း ဖြစ်သည်။

အစပိုင်းတွင် 'တစ်ပွဲလောက်ပဲ' ဟု ကစားလိုက်သည်။ ရှုံးသွားလျှင် 'နောက်တစ်ပွဲနိုင်မှ ရပ်မယ်' ဟု ဆက်ကစားသည်။ နိုင်သွားပြန်လျှင်လည်း 'ခုမှကောင်းလာတာ၊ နောက်တစ်ပွဲကစားမယ်' ဟု ဆက်ကစားတတ်သည်။ ထိုသို့ဖြင့် မိနစ်အနည်းငယ်အဖြစ် ရည်ရွယ်ထားသည့် Game ကစားချိန်သည် တစ်နာရီ၊ နှစ်နာရီမှ ညသန်းခေါင်ကျော်အထိ ဖြစ်သွားနိုင်သည်။ Game များ၏ Level တက်ခြင်း၊ Reward (ဆုလာဘ်)ရရှိခြင်း၊ Ranking (အဆင့်သတ်မှတ်ချက်)တက်လာခြင်း၊ နိုင်ပွဲရခြင်းတို့က ဆက်လက်ကစားလိုစိတ်ကို ဖြစ်ပေါ်စေနိုင်သည်။

ပြဿနာမှာ ထိုအချိန်မှစတင်သည်။ ညဥ့်နက်သည်အထိ Game ကစားပြီး နောက်တစ်နေ့နံနက် အိပ်ရာမထနိုင်ခြင်း၊ ကျောင်းနောက်ကျခြင်း၊ စာသင်ခန်းတွင် အိပ်ငိုက်ခြင်း၊ သင်ခန်းစာအပေါ် အာရုံမစူးစိုက်နိုင်ခြင်း၊ စာကျက်ချိန်ကို Game ကစားချိန်ဖြင့် အစားထိုးလာခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ စာမေးပွဲနီးလာသော်လည်း Game ကို မရပ်နိုင်တော့ခြင်း၊ Homework (အိမ်စာ) မပြီးသေးသော်လည်း အရင်ဆုံး Game ကစားလိုခြင်း၊ ကျောင်းစာရလဒ် ကျဆင်းနေသော်လည်း ကစားချိန်ကို မလျှော့နိုင်ခြင်းတို့ ရှိလာပါက Game သည် အပန်းဖြေမှုသက်သက် မဟုတ်တော့ပေ။

Game အလွန်အကျွံကစားခြင်း၏ အထင်ရှားဆုံး ဆိုးကျိုးတစ်ခုမှာ Sleep (အိပ်စက်ခြင်း) ပျက်စီးခြင်းဖြစ်သည်။ ညအိပ်ချိန်တွင် Game ကစားနေစဉ် ပြိုင်ဆိုင်မှု၊ စိတ်လှုပ်ရှားမှုနှင့် Screen (ဖန်သားပြင်)ကို ဆက်တိုက် ကြည့်နေရခြင်းတို့ကြောင့် အိပ်ရာဝင်ချိန် နောက်ကျလာနိုင်သည်။ 'ဒီတစ်ပွဲပြီးရင် အိပ်မယ်' ဟု ဆိုသော်လည်း တစ်ပွဲပြီးတစ်ပွဲ ဆက်ကစားမိတတ်သည်။ အိပ်ချိန်နည်းလာသော လူငယ်တစ်ယောက်တွင် နောက်တစ်နေ့ ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ အာရုံစူးစိုက်မှုကျဆင်းခြင်း၊ မှတ်ဉာဏ်နှင့် သင်ယူနိုင်စွမ်း ထိခိုက်ခြင်းတို့ ဖြစ်နိုင်သည်။ လူငယ်များအတွက် လုံလောက်သော အိပ်စက်ခြင်းသည် ဦးနှောက်ဖွံ့ဖြိုးမှု၊ သင်ယူမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အလွန်အရေးကြီးသည်။

ကိုယ်ခန္ဓာကျန်းမာရေးအတွက်လည်း သတိထားရန် လိုအပ်သည်။ Game ကစားချိန် တိုးလာသည်နှင့်အမျှ ပြေးခြင်း၊ လမ်းလျှောက်ခြင်း၊ ဘောလုံးကစားခြင်းနှင့် အခြားကိုယ်လက်လှုပ်ရှားမှုများအတွက် အချိန်လျော့နည်းလာနိုင်သည်။ နာရီပေါင်းများစွာ တစ်နေရာတည်း ထိုင်နေခြင်းကြောင့် လည်ပင်းနာခြင်း၊ ပခုံးနာခြင်း၊ ခါးနာခြင်း၊ လက်ကောက်ဝတ်နှင့် လက်ချောင်းများ မအီမသာဖြစ်ခြင်းတို့ ကြုံတွေ့နိုင်သည်။ Screen ကို အနီးကပ် အချိန်ကြာမြင့်စွာ ကြည့်နေခြင်းကြောင့် မျက်စိပင်ပန်းခြင်း၊ မျက်စိခြောက်ခြင်းနှင့် ခေါင်းကိုက်ခြင်းတို့လည်း ဖြစ်နိုင်သည်။

Game ကစားရင်း အချိုရည်၊ Energy Drink (အားဖြည့်အချိုရည်)၊ အာလူးကြော်၊ မုန့်နှင့် Fast Food(အမြန်စားအစားအစာ) များကို မကြာခဏ စားသုံးပြီး ကိုယ်လက်လှုပ်ရှားမှု နည်းနေပါက ကိုယ်အလေးချိန် တိုးလာနိုင်သည်။ ထို့ကြောင့် Game အလွန်အကျွံကစားခြင်း၏ ဆိုးကျိုးသည် မျက်စိကိုသာ ထိခိုက်စေသည်ဟု မယူဆသင့်ဘဲ အိပ်စက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် စားသောက်မှုပုံစံတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်ကြောင်း နားလည်ထားသင့်သည်။

စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးကိုလည်း မမေ့သင့်ပါ။ Game ကစားသည့်အချိန်များလာသောကြောင့် မိသားစုနှင့် စကားပြောချိန် လျော့နည်းလာခြင်း၊ အပြင်လောကမှ သူငယ်ချင်းများနှင့် တွေ့ဆုံမှုနည်းလာခြင်း၊ အရင်က နှစ်သက်ခဲ့သော အားကစား၊ စာဖတ်ခြင်း၊ ဂီတနှင့် အခြားဝါသနာများကို စိတ်မဝင်စားတော့ခြင်းတို့ ဖြစ်လာနိုင်သည်။ Game ရှုံးသည့်အခါ အလွန်အမင်းစိတ်တိုခြင်း၊ အသင်းဖော်များနှင့် ဆဲဆိုရန်ဖြစ်ခြင်း၊ မိဘက Game ရပ်ခိုင်းသည့်အခါ ဒေါသထွက်ခြင်းတို့လည်း တွေ့နိုင်သည်။

အထူးသတိပြုရမည့်အရာမှာ Gaming Disorder (ဂိမ်းကစားမှုကို မထိန်းချုပ်နိုင်သော ပြဿနာ) ဖြစ်သည်။ Game ကစားသူတိုင်းကို Gaming Disorder ရှိသည်ဟု မသတ်မှတ်နိုင်ပါ။ တစ်ခါတစ်ရံ Game ကို အချိန်ကြာကြာ ကစားမိခြင်းတစ်ခုတည်းဖြင့်လည်း ရောဂါဟု မဆိုနိုင်ပါ။ သို့သော် Game ကစားလိုစိတ်ကို မိမိကိုယ်တိုင် ထိန်းချုပ်ရန် ခက်ခဲလာခြင်း၊ အခြားနေ့စဉ်လုပ်ငန်းများထက် Game ကို ပိုမိုဦးစားပေးလာခြင်းနှင့် ပညာရေး၊ အလုပ်အကိုင်၊ မိသားစု (သို့မဟုတ်)လူမှုဘဝတွင် ထင်ရှားသော ဆိုးကျိုးများ ဖြစ်နေသော်လည်း ဆက်လက်ကစားနေခြင်းတို့သည် အရေးကြီးသော သတိပေးလက္ခဏာများ ဖြစ်သည်။

ဥပမာ စာမေးပွဲကျနေသည်ကို သိသော်လည်း Game မလျှော့နိုင်၊ ညတိုင်း အိပ်ရေးပျက်နေသည်ကို သိသော်လည်း မရပ်နိုင်၊ မိသားစုနှင့် နေ့စဉ် ရန်ဖြစ်နေသော်လည်း ဆက်ကစားနေသည်ဆိုပါက 'Game ကြိုက်တာပဲ' ဟု ပေါ့ပေါ့ဆဆ မယူဆသင့်တော့ပေ။ နေ့စဉ်ဘဝ၊ ပညာရေး(သို့မဟုတ်)လူမှုဆက်ဆံရေးကို အလေးအနက် ထိခိုက်လာပါက လိုအပ်သလို ကျန်းမာရေးပညာရှင်ထံမှ အကြံဉာဏ် ရယူသင့်သည်။

အကြမ်းဖက်မှုပါဝင်သည့် Game များနှင့်ပတ်သက်၍လည်း မိဘများ စိုးရိမ်လေ့ရှိကြသည်။ Game တစ်မျိုးတည်းကြောင့် လူငယ်တစ်ယောက် အကြမ်းဖက်သူဖြစ်သွားမည်ဟု ရိုးရှင်းစွာ ကောက်ချက်ချ၍မရပါ။ လူတစ်ဦး၏အပြုအမူကို မိသားစုအခြေအနေ၊ လူမှုဝန်းကျင်၊ စိတ်ပိုင်းဆိုင်ရာအခြေအနေ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အခြားအချက်များစွာက လွှမ်းမိုးနေသည်။ သို့သော် အသက်အရွယ်နှင့် မသင့်တော်သော အကြမ်းဖက်မှု၊ ဆဲဆိုမှုနှင့် လိင်ပိုင်းဆိုင်ရာအကြောင်းအရာများ ပါဝင်သည့် Game များကို ကလေးငယ်များ အကန့်အသတ်မရှိ အသုံးပြုနေခြင်းကိုတော့ မိဘများက သတိထားစောင့်ကြည့်သင့်သည်။ Game ရွေးချယ်ရာတွင် အသက်အရွယ်နှင့် သင့်လျော်မှုကို ထည့်သွင်းစဉ်းစားသင့်သည်။

ယနေ့ Online Game များတွင် နောက်ထပ် စိုးရိမ်စရာတစ်ခုမှာ ငွေကြေးသုံးစွဲမှုဖြစ်သည်။ Skin Character Weapon tem၊ Upgrade စသည့် Game အတွင်းရှိ ပစ္စည်းများအတွက် In-game Purchase (ဂိမ်းအတွင်း ငွေသုံးဝယ်ယူမှု) ပြုလုပ်နိုင်သည်။ တစ်ကြိမ်လျှင် ငွေအနည်းငယ်သာဖြစ်၍ မသိသာသော်လည်း အကြိမ်များလာပါက ငွေကြေးပမာဏ များပြားလာနိုင်သည်။ အချို့ Game များတွင် ဘာရမည်ကို ကြိုတင်မသိနိုင်သည့် Random Reward (ကျပန်းဆုလာဘ်) ပုံစံများလည်း ပါရှိနိုင်သောကြောင့် လိုချင်သည့်ပစ္စည်းရရန် ထပ်ခါထပ်ခါ ငွေသုံးချင်စိတ် ဖြစ်ပေါ်နိုင်သည်။

လူငယ်များကို ငွေကြေး၏တန်ဖိုး သင်ပေးခြင်း၊ မိဘ၏ ခွင့်ပြုချက်မရှိဘဲ Online Payment (အွန်လိုင်း ငွေပေးချေမှု)မပြုလုပ်ရန် သဘောတူစည်းကမ်းထားခြင်းတို့ လိုအပ်သည်။ Game အတွက် ငွေသုံးရင်း မိဘကို လိမ်လည်ခြင်း၊ ခိုးယူခြင်း၊ အကြွေးတင်ခြင်း စသည့် အခြေအနေအထိ ရောက်လာပါက ပြဿနာကို ပေါ့ပေါ့ဆဆ မထားသင့်တော့ပေ။

Online Gaming ၏ နောက်ထပ်အန္တရာယ်တစ်ခုမှာ မိမိမသိသောသူများနှင့် ဆက်သွယ်ရခြင်းဖြစ်သည်။ Game ထဲတွင် အသင်းဖော်အဖြစ် သိကျွမ်းလာသူသည် မည်သူဖြစ်ကြောင်း အပြင်လောကတွင် အမှန်တကယ် မသိနိုင်ပါ။ မိမိ၏ အမည်အပြည့်အစုံ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကျောင်းအမည်၊ Password (စကားဝှက်)၊ ဓာတ်ပုံနှင့် ငွေကြေးဆိုင်ရာ အချက်အလက်များကို မသိသူများထံ မပေးသင့်ပါ။ Cyberbullying (အွန်လိုင်းမှ အနိုင်ကျင့်စော်ကားခြင်း)၊ လိမ်လည်ခြင်းနှင့် Account (အကောင့်) ခိုးယူခြင်းတို့ကိုလည်း သတိထားသင့်သည်။

ဒါဆို လူငယ်တွေကို Game လုံးဝမကစားခိုင်းသင့်ဘူးလား။ 'မဟုတ်ပါ'။ Game ကို ဘဝထဲမှ လုံးဝဖယ်ရှားပစ်ရန်ထက် Game ကို မိမိက ထိန်းချုပ်နိုင်ရန် ပိုအရေးကြီးသည်။ စာကျက်ရမည့်အချိန်တွင် စာကျက်နိုင်ရမည်။ အိပ်ရမည့်အချိန်တွင် Game ကို ပိတ်နိုင်ရမည်။ မိသားစုနှင့် အတူရှိသည့်အချိန်တွင် ဖုန်းကို ခဏချထားနိုင်ရမည်။ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ရန်လည်း အချိန်ပေးနိုင်ရမည်။ ထိုသို့ လုပ်နိုင်နေသရွေ့ Game သည် အပန်းဖြေမှုတစ်ခုအဖြစ် ဆက်ရှိနေနိုင်သည်။

မိဘများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးသည်။ 'ဖုန်းချထား၊ Game မကစားနဲ့' ဟု အော်ဟစ်တားမြစ်ခြင်း တစ်ခုတည်းထက် မိမိသားသမီး ဘာ Game ကစားနေသည်၊ ဘယ်သူများနှင့် ကစားနေသည်၊ ဘာကြောင့် ထို Game ကို နှစ်သက်သည်၊ တစ်နေ့ဘယ်လောက်အချိန်ပေးနေသည်ကို သိရှိရန် ကြိုးစားသင့်သည်။ ကစားချိန်နှင့် စည်းကမ်းကို မိဘနှင့်သားသမီး အတူတကွ သဘောတူသတ်မှတ်နိုင်ပါက ပိုကောင်းသည်။

ထို့ပြင် လူငယ်တစ်ယောက်ကို 'Game မကစားနဲ့' ဟု ပြောပြီး မိဘကိုယ်တိုင်က အိမ်တွင် အချိန်တိုင်း ဖုန်းကြည့်နေပါက ထိုသင်ကြားမှုသည် ထိရောက်ရန် ခက်ခဲသည်။ မိသားစုစားပွဲတွင် ဖုန်းမသုံးခြင်း၊ အိပ်ခန်းထဲ ဖုန်းယူမသွားရန် စည်းကမ်းထားခြင်း၊ မိသားစုအတူ လမ်းလျှောက်ခြင်း၊ အားကစားပြုလုပ်ခြင်း၊ စာဖတ်ခြင်းနှင့် အပြင်ထွက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းတို့ကို မိဘကိုယ်တိုင် စံနမူနာပြသင့်သည်။

နောက်ဆုံးတွင် နည်းပညာနှင့် Game များသည် ပျောက်ကွယ်သွားမည့်အရာများ မဟုတ်ပါ။ အနာဂတ်တွင် ပို၍တိုးတက်လာဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို Game နှင့် နည်းပညာမှ အဝေးသို့ အတင်းတွန်းပို့ရန်ထက် နည်းပညာကို အကျိုးရှိစွာ အသုံးပြုတတ်ပြီး မိမိကိုယ်ကို ထိန်းချုပ်နိုင်သော လူငယ်များ ဖြစ်လာအောင် သင်ကြားပေးရန် ပိုအရေးကြီးသည်။

Game ထဲတွင် Level တက်ဖို့ လူငယ်များ အချိန်ပေးကြသည်။ Character အားကောင်းလာဖို့ Upgrade လုပ်ကြသည်။ ပြိုင်ဘက်ကို အနိုင်ရဖို့ Strategy ချကြသည်။ ရှုံးသွားလျှင်လည်း နောက်တစ်ကြိမ် အနိုင်ရဖို့ ပြန်ကြိုးစားကြသည်။

ထိုစိတ်ဓာတ်ကို လက်တွေ့ဘဝထဲသို့ပါ ယူလာနိုင်လျှင် ပို၍တန်ဖိုးရှိမည်ဖြစ်သည်။ ပညာရေးကို Level တက်အောင်လုပ်ပါ။ ကိုယ်ခန္ဓာကျန်းမာရေးကို Upgrade လုပ်ပါ။ အနာဂတ်အတွက် Strategy ချပါ။ ကျရှုံးလျှင် Restart (ပြန်လည်စတင်ခြင်း) လုပ်ပြီး ထပ်မံကြိုးစားပါ။

Game မကစားရန် တားမြစ်နေခြင်းထက် ' Game ကို Game ထဲမှ နိုင်ပွဲတစ်ပွဲသည် ခဏတာ ပျော်ရွှင်မှုကို ပေးနိုင်သည်။ ဘဝထဲမှ နိုင်ပွဲတစ်ပွဲကတော့ မိမိ၏ အနာဂတ်ကို ပြောင်းလဲပေးနိုင်သည်။ ထို့ကြောင့် လူငယ်များကို မင်းက ထိန်းချုပ်နေတာလား၊ Game က မင်းကို ထိန်းချုပ်နေတာလား' ဟူသော မေးခွန်းကို မေးကြည့်သင့်သည်။

**Game ကို ကစားပါ။ Game ကြောင့် ဘဝကိုတော့ မကစားမိပါစေနှင့်။**

**မန္တလာ ဆရာမျိုး**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသည့် ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတ ပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရိန်မြင့်မားလာပြီး စာကောင်းပေကောင်းများကို လေ့လာတတ်စေရန် ရည်ရွယ်၍ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတ မေးခွန်းများ မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုနှင့် တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက စာရေးဆရာ ကိုရွှေအောင်သင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်တာက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သွယ်သွယ်ခိုင်က လက်ခံရယူခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## အလှဆင်ပါ

* ရတနာသုံးပါး
  လေးစားကြည်ညို
  ဦးခေါင်းကို အလှဆင်ပါ ။
* မြတ်ဗုဒ္ဓ၏
  မြတ်တရားဖြင့်
  နားကို အလှဆင်ပါ ။
* သစ္စာစကား
  ပြောကြားဖွင့်ဆို
  ပါးစပ်ကို အလှဆင်ပါ ။
* မေတ္တာစွမ်းအား
  အပြုံးများဖြင့်
  နှလုံးသားကို အလှဆင်ပါ ။
* အလှူဒါန
  ပြုကြကုသိုလ်
  စိတ်ကို အလှဆင်ပါ ။
* သီလ, သိက္ခာ
  ထုံမွမ်းစွာဖြင့်
  ခန္ဓာကိုယ်ကို အလှဆင်ပါ ။
* ဘာဝနာတရား
  ပွားများကြကာ
  ဘဝကို အလှဆင်ပါ ။
* အတ္တ ပရ
  မျှတခြယ်သ
  လောကကို အလှဆင်ပါ ။
* ရုပ်ရည်, ဥစ္စာ
  ချို့တဲ့ပါလည်း
  သင်ဟာ အလှဆုံးလူဖြစ်မည်သာ ။ ။

မိုးထက်ကို(အမရပူရ)



## မန္တလေးပန်းချီဆရာ ခုနစ်ဦး၏ မိုးရာသီအမှတ်တရ စုပေါင်းပန်းချီပြပွဲ ပြသမည်

**မန္တလေး ဩဂုတ် ၁၁**

လောကနတ် ပန်းချီပြခန်း (ရန်ကုန်မြို့)၌ မန္တလေး ပန်းချီဆရာခုနစ်ဦး၏ မိုးရာသီအမှတ်တရ စုပေါင်းပန်းချီပြပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် မန္တလေး ပန်းချီဆရာ ခုနစ်ဦးဖြစ်သော အောင်သင်းဦး၊ ဦးဖိလ၊ လူမော်၊ ဇော်ဇော်၊ ဇော်ဖူးဇင်၊ မျိုးဝေ၊ မိုးဦး(ပန်းချီ)တို့ ရေးဆွဲထားသော မတူလက်ရာစုံပန်းချီကားများကို ပြသသွားမည်ဖြစ်ပြီး ပြပွဲကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်တိုင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။ **(၀၇၀)**




## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာဖတ်ဝိုင်းကျင်းပ

**မကွေး ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမတွင် လူငယ်များအနေဖြင့် စာဖတ်သည့် အလေ့အကျင့်များရရှိစေရန်၊ စာဖတ်ခြင်းဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်၊ အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ ရရှိစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက စာရေးဆရာ အောင်သင်း ရေးသားသော "လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတတိုးပွားစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ အများရှေ့တွင် ဆွေးနွေးပြောဆိုရဲသည့် သတ္တိရှိလာစေရန်၊ အချင်းချင်း အတွေ့အကြုံနှင့် ဗဟုသုတများ ဖလှယ်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာအုပ်တွင် ပါဝင်သော အချက်အလက်များအား မကွေးမြို့နယ် စာရေးဆရာအသင်းနာယကနှင့် အဖွဲ့ဝင်များက စာအုပ်ပါအချက်အလက်များအား ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် စာအုပ်ပါသိမှတ်ဖွယ်ရာအကြောင်းအရာတို့ကို အပြန်အလှန်ဆွေးနွေးပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ၊ စာအုပ်၊ စာစောင်များနှင့် နံရံကပ်ပြဘုတ်များအား ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## ပုံပြင်ပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ပုံပြင်ပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို ကျင်းပရာ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရ ဖြည့်မုန့်များ ဝေငှခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သော တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့တစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများ အပြင်အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်အထိ **စာမျက်နှာ ၁၀ သို့ ***



**မူဆယ်မြို့ တော်ရွက်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။**

# အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာပညာပေးလုပ်ငန်းအစီအစဉ် ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ကျင်းပသည့် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့်အမှိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာပညာပေးလုပ်ငန်း အစီအစဉ်(စတုတ္ထအကြိမ်)ကို ယနေ့နံနက် ၉နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား ဈေးချိုတိုက်တန်းဘေးတွင် ကျင်းပပြုလုပ်ခဲ့သည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးချမ်းအေးသာစံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်နှင့် ဌာနမှူးများ၊ မန္တလေးအဆင့်မြင့်ဈေးချိုတော် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဈေးချိုတော်ဈေးသူ၊ ဈေးသားများ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းလုပ်ပျိုဖြူများက အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာအသိပညာပေးတေးသီချင်းများနှင့် Performance များဖြင့် ကြည့်ရှုသူမိဘပြည်သူများအား အသိပညာပေးဆောင်ရွက်၍ နိုင်ငံကျော်သဘင်အနုပညာရှင် စမ်းရေမိုးနှင့်တေးသံရှင်များက ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတွင် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာပညာပေးလုပ်ငန်းအစီအစဉ်အဖြစ် ကျောင်းသား၊ ကျောင်းသူများအား သန့်ရှင်းရေးဌာန ဌာနစုမှူး ဦးဇော်မင်းဦးက အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ စနစ်တကျစွန့်ပစ်ခြင်း သိကောင်းစရာများကိုကျောင်းသား၊ ကျောင်းသူများအား ပရိုဂျက်တာဖြင့်ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များပေးဝေခဲ့ကြကာ ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့၍ အခမ်းအနားသို့ ကျောင်းအုပ် ဆရာမကြီး ဒေါ်သီသီဦးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ဦးတက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းလုပ်ပျိုဖြူများက အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာအသိပညာပေး တေးသီချင်းများနှင့် Performance များဖြင့် အသိပညာပေးဆောင်ရွက်၍လည်းကောင်း၊ နိုင်ငံကျော်တေးသံရှင်ရဲထွဋ်ကျော်နှင့်တေးသံရှင်များက ဖျော်ဖြေခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဦးဆောင်ပြုလုပ်လျက်ရှိသော အမှိုက်စနစ်တကျစွန့်ပစ်ရေးလုပ်ငန်းအစီအစဉ်ကို ၂၀၂၆ခုနှစ် နိုဝင်ဘာအထိ အပတ်စဉ်အင်္ဂါနေ့တိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၃)**

# သန်းပိုင်ကို ရန်ကုန်ယူနိုက်တက်အသင်း တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၁၁**

AFC Challenge League နှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည့် ရန်ကုန်ယူနိုက်တက်အသင်းသည် တိုက်စစ်ပိုင်း အားဖြည့်မှုအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းကလပ် ထရက်အသင်းတိုက်စစ်မှူး သန်းပိုင်အား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ လူငယ်အသင်းမှ မွေးထုတ်ပေးခဲ့သည့် သန်းပိုင်သည် နိုင်ငံခြားကလပ်အသင်းများတွင် သွားရောက်ကစားကာ အတွေ့အကြုံများရယူပြီးနောက် ၎င်း၏ပရော်ဖက်ရှင်နယ်ဘဝစတင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

သန်းပိုင်သည် ၂၀၂၂ ခုနှစ်မှစတင်၍ ထိုင်းနိုင်ငံရှိ ကန်ချနာဘူရီစီးတီးအသင်း၊ ချင်းမိုင်ယူနိုက်တက်၊ ကန်ချနာဘူရီပါဝါနှင့် ထရက်အသင်းတို့တွင် သွားရောက်ကစားခဲ့ပြီး နိုင်ငံခြားလိဂ်အတွေ့အကြုံကောင်းများစွာရရှိထားသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

**(NGB)**




# ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲပြီးဆုံးပြီး မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် သုံးခု ဆွတ်ခူးရရှိ

**ရန်ကုန် ဩဂုတ် ၁၁**

(၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးနေ့ကို ဩဂုတ် ၁၁ ရက်တွင် ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပပြီး မြန်မာပိုက်ကျော်ခြင်းအသင်းက ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ လေးမျိုးတွင် ဆုတံဆိပ်ရရှိပြီး နှစ်မျိုးတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် နာမည်ကြီးအသင်းဖြစ်သော အိမ်ရှင်ထိုင်းအသင်းကို ထိုက်ထိုက်တန်တန်အနိုင်ယူကာ ရယူခဲ့ခြင်းဖြစ်သည်။ ငွေတံဆိပ်ဆုများကို ကွင်းသွင်းခြင်းခတ် အမျိုးသားပြိုင်ပွဲတွင် တစ်ခု၊ **စာမျက်နှာ ၅ သို့ ***